ဂျပန်နိုင်ငံရောက် ကျောင်းသူတစ်ယောက်၏ အတွေ့အကြုံများအား ပြန်လည်ဝေမျှခြင်း

# နှင်လားဟဲ့ ဂျပန် ( ၁ )

Mioka Ei Ei Chaw



နှင်လားဟဲ့ ဂျပန် . . . ခေါင်းစဉ်ကြီးကြည့်ပြီးလန့်မသွားပါနှင့်ဦးနော် . . .

တကယ်တော့ ဘယ်ကိုစိန်ခေါ်ရမှန်းမသိတော့လောက်အောင်ကို ဖြစ်နေလို့ အခုလို ခေါင်းစဉ်လေးပေးလိုက်ရတာပါ။ မြန်မာနိုင်ငံကမထွက်လာခင် ကိုယ်လုပ်နေတဲ့ ဂျပန်ကုမ္ပဏီက သူဌေးကို ကြီးကြီးကျယ်ကျယ် စကားတစ်ခွန်းပြောခဲ့ပါတယ်။ ဂျပန်အကြောင်းကိုသင်ယူလေ့လာချင်လို့ပါဆိုပြီးတော့ပေါ့။

သူဌေးကတော့ ခေါင်းလေးတစ်ငြိမ့်ငြိမ့်နှင့် အိစံက မြန်မာပြည်အကြောင်းကို သိနားလည်ပြီးသားဆိုတော့ ဂျပန်အကြောင်းကိုပါ ထပ်ပြီးသင်ယူလိုက်မယ်ဆိုရင် အရမ်းကို အကျိုးရှိသွားမှာပါတဲ့။

ဒီလိုနှင့်ပဲ ဂျပန်နိုင်ငံကြီးကိုရောက်ခဲ့ရပေါ့ကွယ်။

ရောက်ပြီးနောက်တစ်နေ့မှာပဲ သူငယ်ချင်းကခေါ် သွားပြီးလိုက်ရှင်းပြတဲ့အခါ . . မြေအောက်ထဲမှာ အထပ် အထပ် ဆောက်ထားတဲ့ ကြွက်တွင်းလို ယှက်သွယ်နေတဲ့ ရထားလိုင်းတွေကိုကြည့်ပြီး ခေါင်းတွေတောင်မူးလာသည်။ ကိုယ်သွားချင်တဲ့ လိပ်စာ တစ်ခုကို သွားဖို့ မပြောနှင့် ဘယ်ရထားလိုင်းနှင့် ဘယ်လို စီးပြီးသွားရမလဲဆိုတာတောင်မှ အတော်သင်ယူရဦးမှာပါလား။

ရထားက ကတ်နှင့် ငွေဖြတ်တာရှိတော့ ကတ်ထဲကိုငွေဖြည့်တတ်ဖို့ကလည်း မသင်ယူလို့မရ။ ရထားလက်မှတ် ဝယ်စီးဖို့ကလည်း ကိုယ်ကအခုမှရောက်ခါစ ဘာမှ သိပ်မသိသေး။

လမ်းကလည်း ဘယ်မောင်းရှိတော့ စက်ဘီးစီးတာတောင် ဘယ်ဘက်ကနေ စီးဖို့အတော်လေးနေသားကျအောင်မကျင့်လို့ကမရပါ့ထိုးဒီထိုးနှင့်လူဝင်တိုက်မိလို့ကတော့ တော်တော်လျော့လိုက်ရမှာဖြစ်လို့ လူကလွဲရင် ကျန်တာအကုန်တိုက်လို့ရတယ်ဆိုတဲ့ ထုံးနှလုံးမူလို့ နေရာတော်တော်များများမှာတွေ့ရတတ်တဲ့ ငွေထည့်လိုက်ရင် အော်တိုမက် တစ်အအေးဗူးကျလာတတ်တဲ့စက်ထဲကိုတောင် ဘယ်အပေါက်က ငွေထည့်ရမှန်းမသိလို့ တိုင်တွေပတ်။

စက်လှေကားစီးပြန်ရင်လည်း လမ်းလျှောက်မတက်ဘူးဆိုရင် ဘယ်ဘက် အခြမ်းမှာသေချာကပ်ပေးထားရပြီး ဘေးကလွတ်နေတဲ့တစ်ကိုယ်စာလမ်းက အလျင်လိုလို့ ပြေးတက်မယ့်သူတွေအတွက် နေရာချန်ပေးထားရမယ်ဆိုတာလည်း ရောက်ကာစက မသိတော့ ဝင်အတိုက်ခံရ။

ရောက်ခါစက အကြောင်းမသိသေးလို့ ထမီလေးတကားကားနှင့် ရထားစီးတော့ ရထားမမိမှာစိုးလို့ ဘိုသီဘတ်သီနဲ့ ပြေးလိုက်ရတာ ဖတ်ဖတ်ကိုမောလို့။ ပိုဆိုးတာက မြေအောက်ရထားလိုင်းတွေမှာ လေဝင်လေထွက်ကောင်းဖို့ လွှတ်ပေးထားတဲ့လေက အောက်ကနေအပေါ်ကို အရှိန်ပြင်းပြင်းနှင့် ပင့်တိုက်နေလေတော့ စက်လှေကားပေါ် အတက်မှာ အတော်သတိကြီးကြီးထားလိုက်ရတယ်။ တစ်ခါထဲနှင့်မှတ်သွားတာပဲ။ သူ့နေ ရာနှင့်သူဆိုတာတယ်မှန်တဲ့စကား။

စက်ဘီးစီးတော့လည်း လိုင်စင်မရှိလို့မဖြစ်။ အပြင်ထွက်ရင်လည်း ကျောင်းသား ကတ်၊ နိုင်ငံခြားသားနေထိုင်ခွင့်ကတ် မပါလို့မဖြစ်။ အခန့်မသင့်လို့ရဲကစစ်လို့မှမပြနိုင်ရင် ရှင်းပေတော့။ ပြီးရင်တော့ ရထားစီးကတ်၊ ဘဏ်ကတ်၊ ရေဝယ်တာတောင်ကတ်နှင့်ဖြတ်မှ ရေကထွက်တဲ့အထိ ဩော် . . . များ . . . များလိုက်တဲ့ကတ်။

ဒီကြားထဲ လမ်းဖြတ်ကူးရင် လူက လမ်းဖြတ်ကူးနေပုံ မီးစိမ်းလေး မလင်းသရွေ့ စောင့်ပေဦးတော့၊ လမ်းရှင်းနေပေမယ့်လည်းမကူးရဲ လမ်းစည်းကမ်းမလိုက်နာဘူးဆိုတဲ့ မျက်လုံးကြီးနှင့်အကြည့်မခံရဲလို့။

လူလစ်ရင်ကူးချင်တာမှ စိတ်ထဲမှာရှစ်ရှစ် ဖြစ်နေပေမယ့် မစောင့်လို့ကမရ။ တစ်ယောက်ထဲအပြင်ထွက်ရမှာကိုလည်း သေမလောက်ကြောက်။ ကိုယ်က ရန်ကုန်မှာ နေကတည်းက တစ်ခါတစ်ခါ ဆူးလေဘုရားကြီးတောင်ပျောက်ပျောက်နေတတ်တဲ့သူမျိုး။ ဟိုဟိုဒီဒီသွားဖို့ မပြောနှင့်။ နေ့သွားတဲ့နေရာ ညသွားရင်မမှတ်မိ ညသွားတဲ့နေရာ နေ့သွား လို့ကတော့ ရှာမတွေ့တော့ဘူးသာမှတ်။

ရန်ကုန်မှာ မျက်စိလည်လို့ကတော့ တက္ကစီတစ်စီးစီးတားပြီး ကိုယ်ပြန်ချင်တဲ့နေရာပြော အနည်းဆုံးအိမ်တော့ပြန်ရောက်သေးသည်။ သည်မှာတော့ တက္ကစီငှားစီးဖို့ နေနေသာသာ အနားတောင်မကပ်နိုင်စျေးကြီးလွန်းလို့။

ဒီတော့ ရထားမမီဘူးလား။ လမ်းလျှောက်သာပြန်ပေတော့။ မိုးလင်းရင်လည်း လင်းပါစေ။ ဒီတစ်လမ်းကလွဲပြီး ရွေးစရာမရှိ။ ဒါကတော့ နိစ္စဓူဝ ကြုံရမယ့်ကိစ္စတွေ ရင်မဆိုင်ချင်လို့က မရလေတော့ တဖြည်းဖြည်းနှင့်ကျင့်သားရအောင်ကျင့်ယူ အိုကေ ရပြီ။ ပြဿနာကအခုမှစပြီ။

ပထမဆုံး အချိန်ပိုင်း အလုပ်စဝင်တဲ့နေ့။

ကျောင်းသားဆိုတော့ တစ်ပတ်မှ ၂၈ နာရီပဲ တရားဝင်လုပ်ခွင့်ရပေမယ့်လို့ နွေရာသီကျောင်းပိတ်ရက်လိုမျိုးမှာတော့ အချိန်များများလုပ်လို့ရသည်။ ကိစ္စမရှိသည်တော့ ဆွဲပြီပေါ့။

ဒါတောင်မှ လုပ်ချင်တိုင်း လုပ်ခွင့်မရ အတူတူအလုပ်ဝင်တဲ့သူချင်းထဲမှာမှ ကိုယ်တစ်ယောက်ပဲ အချိန်ပြည့်ရပြီး ကျန်တဲ့ ဂျပန်စကား N5, N4 တွေကျတော့ အဲဒီလောက်အထိ အချိန်မပေးကိုယ်တောင် N2 ဆိုပေမယ့် သူတို့နှင့် Communication လုပ်ရတာ တစ်ခါတစ်ခါ ချွေးပြန်ရသည်။

အဲဒီမှာ ဘာကို သွားတွေ့သလဲဆိုတော့ ဂျပန်လူမျိုးတွေ သင်ကြားပြသမှု နည်းပညာအင်မတန်မြင့်မားကြပြီး လူ့အရည်အချင်းကို အကဲဖြတ်တဲ့နေရာမှာ အင်မတန် တော်ကြခြင်းနှင့် စည်းစနစ်ကျနစွာ အလုပ်လုပ်ကြခြင်းက လေးစားအတုယူဖွယ်။

ကိုယ်တောင် ဂျပန်ကုမ္ပဏီမှာ နှစ်နှစ်လုပ်ခဲ့သည့်အတွေ့အကြုံနှင့်က လားလားမှ မသက်ဆိုင်။

နောက်တစ်ခုက ဂျပန်တွေ သရုပ်ဆောင်တာ အင်မတန်မှကို တော်ကြပါပေသည်။

အစက ကိုယ်ကနဲနဲပိန်းတဲ့သူဆိုတော့ ဒါကိုနားမလည် နောက်တော့မှ သဘော ပေါက်သည်။ ဪ ဒါကြောင့်မဲ့ သူတို့နိုင်ငံ တိုးတက်ကြီးပွားချမ်းသာကြတာကိုး . . . လို့။

(အပိုင်း ၂ အဖြစ်ဆက်လက်၍ဖော်ပြပါဦးမည်)

